DEMOCRACY REPORTING INTERNATIONAL

# အစီရင်ခံစာထုတ်ပြန်ခြင်းဆိုင်ရာ သော့ချက်ကျသော ကိစ္စရပ်များ CSO များနှင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အတွက် လမ်းညွှန်

## မိတ်ဆက်

သော့ချက်ကျသော ကိစ္စရပ်များဆိုသည့် စာတမ်းငယ် သည် ပြည်တွင်းလေ့လာစောင့်ကြည့်သူများ အစီရင်ခံစာရေးသားခြင်းဆိုင်ရာသင်တန်းအတွက် ပြုစုခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲကြိုကာလ၊ ရွေးကောက်ပွဲနေ့၊ ရွေးကောက်ပွဲလွန် ကာလ တွေ့ရှိချက်များကို ပြည်တွင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့များ မည်သို့ ထိရောက်စွာအစီရင်ခံစာရေးသားထုတ်ဝေနိုင်မည်နည်းဆိုသော လမ်းညွှန်ချက်များပါဝင်သည်။ စာတမ်းတွင် အောက်ပါတို့ကို ထည့်သွင်းထားသည်။

- အများသူအားထုတ်ပြန်သည့် သတင်းအချက်အလက်များဆိုင်ရာ မဟာဗျူဟာ
- အချက်အလက်ကောက်ယူခြင်းစနစ်
- ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များ၏ ပုံစံ/အချိန်/ပါဝင်သည့်အကြောင်းအရာ
- အစီရင်ခံစာရေးသားခြင်းတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ အသုံးပြုခြင်း
- ထုတ်ပြန်ချက်များ ထုတ်ခြင်း

## အများပြည်သူအား ထုတ်ပြန်သည့် သတင်းအချက်အလက်များဆိုင်ရာ မဟာဗျူဟာ

တိကျသောတွေ့ရှိချက်များကို အချိန်ကိုက်ထုတ်ပြန်ခြင်းသည် အောင်မြင်သောစောင့်ကြည့်လေ့လာရေးဆောင်ရွက်မှု၏ သော့ချက်ကျသောညွှန်းကိန်းတစ်ရပ်ဖြစ်သည်။ အလွန်အရေးကြီးသည် ယင်းသတင်းအချက်အလက်ကို ပေးခြင်းဖြင့်သာ ရွေးကောက်ပွဲဖြစ်စဉ်များကို ဘက်လိုက်မှုမရှိဘဲ စောင့်ကြည့်လေ့လာခြင်းကို နိုင်ငံသားများအတွက်ဆောင်ရွက်ပေးရမည့် အဖွဲ့၏ တာဝန်များကို ကျေနိုင်ပေမည်။

စောင့်ကြည့်လေ့လာရေးဆောင်ရွက်မှုကို အစီအစဉ်ဆွဲချိန်တွင် တွေ့ရှိချက်များကို မိမိအဖွဲ့က မည်သို့ထုတ်ပြန်မည်နည်းဆိုသည့် အများပြည်သူအားထုတ်ပြန်သည့် သတင်းအချက် အလက်များဆိုင်ရာ မဟာဗျူဟာကို စဉ်းစားရန် အရေး ကြီးသည်။ အစပိုင်းကတည်းက အများ ပြည်သူအားထုတ်ပြန်သည့် သတင်းအချက်အလက်များဆိုင်ရာ မဟာဗျူဟာကို အစီအစဉ်ဆွဲထားလျှင် အဖွဲ့အနေဖြင့် စီမံကိန်းကာလတစ်လျှောက် အစီရင်ခံစာထုတ်ပြန်ခြင်းအတွက် ရှေ့နောက်ညီညွတ်သောနည်းလမ်းတစ်ရပ်ကို ရရှိစေမည်ဖြစ်သည်။

- **မိမိပရိသတ်ကို ဆုံးဖြတ်ပါ။** အစီရင်ခံစာထုတ်ပြန်ခြင်းအတွက် အဓိကပရိသတ်က ဘယ်သူတွေလဲ။ နိုင်ငံသားများထံပေးပို့လိုပါသလား သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာစည်းရုံးလှုံ့ဆော်မှုပြုရန် အစိုးရအရာရှိများနှင့် မူဝါဒချမှတ်သူများထံပေးပို့လိုပါသလား။ နှစ်မျိုးစလုံးထံ ပေးပို့လိုပါသလား။ ထုတ်ပြန်ချက်၏ ဖွဲ့စည်းပုံသည် ရည်ရွယ်သည့်ပရိသတ်အပေါ် မူတည်ပြီး ကွဲပြားသွားမည်ဖြစ်ပြီး ဩဇာလွှမ်းမိုးမှုရှိမည့် သက်ဆိုင်ပတ်သက်သောအဖွဲ့ကို ရည်ရွယ်ရမည်ဖြစ်သည်။
- **အများပြည်သူအတွက်ထုတ်ပြန်သော သတင်းအချက်အလက်ဆိုင်ရာ အရာရှိ(များ) ခန့်အပ်တာဝန်ပေးပါ။** အများပြည်သူအတွက် သတင်းအချက်အလက်ထုတ်ပြန်ပေးရန် အဖွဲ့အစည်းတွင် မည်သူ့အားတာဝန်ပေးထားသနည်း။ အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များကို ကြီးကြပ်ရန်သာမက မီဒီယာဆက်သွယ်ရေးအချက်အလက်များကို ကြီးကြပ်ရန် အများပြည်သူအတွက်ထုတ်ပြန်သော သတင်းအချက်အလက်ဆိုင်ရာ အရာရှိတစ်ဦးခန့်အပ်ရေးသည့် ကောင်းမွန်သောအလေ့အထပင်ဖြစ်သည်။
- **မီဒီယာဆိုင်ရာလမ်းညွှန်ချက်ထုတ်ပြန်ပါ။** မိမိအဖွဲ့အစည်းက စုဆောင်းနေသော အချက်အလက်များ

သည် နိုင်ငံရေးအရအကဲဆတ်သဖြင့် ပါဝင်ပတ်သက်သူများအားလုံးက သတိထားကိုင်တွယ်ရမည်ဖြစ်သည်။ သတင်းအချက်အလက်များပြင်ပသို့ ပေါက်ကြားလျှင် သို့မဟုတ် မူလရည်ရွယ်ချက်မှလွဲချော်သွားလျှင် မိမိအဖွဲ့အတွက် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်။ နိုင်ငံရေးအရ ဖြစ်ဖွယ်ရှိသည်။ မီဒီယာဆိုင်ရာညွှန်လမ်းညွှန်ချက်များကို ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းအားလုံးအတွက်ထုတ်ပြန်ထားသင့်ပြီး အကဲဆတ်သော သတင်းအချက်အလက်များကို မည်သို့ကိုင်တွယ်မည်နည်းနှင့် မီဒီယာသို့ မည်သို့ပြောကြားရမည်နည်းဆိုသည်တို့ကို ထည့်သွင်းထားသင့်သည်။

➢ **အစီရင်ခံစာများ ထုတ်ပြန်သည့် အချိန်နှင့် အကြိမ်ရေများကို ဆုံးဖြတ်ပါ။** အစီရင်ခံစာထုတ်ပြန်သည့် အချိန်နှင့် အကြိမ်ရေသည် မိမိအဖွဲ့၏ ရည်မှန်းချက်မည်သည့်လုပ်ငန်းများကိုလုပ်ကိုင်သနည်းနှင့် နိုင်ငံရေးအခြေအနေမည် သို့ရှိသနည်းတို့အပေါ် မူတည်သည်။ အစီရင်ခံစာများမည်သည့်အချိန်တွင် အကြိမ်မည်မျှထုတ်ပြန်မည်နည်းဆိုသည်ကို ပျမ်းမှသတ်မှတ်ထားသင့်ပြီး ပြင်ပအခြေအနေများအရ စောင့်ကြည့်လေ့လာသည့်ကာလတစ်လျှောက် အပြောင်းအလဲများရှိပေမည်။

➢ **အစီရင်ခံစာအကြမ်းထုတ်ပြန်ရေး အဖွဲ့ကို ထားရှိပါ။** အစီရင်ခံစာထုတ်ပြန်ခြင်းအပါအဝင် အများပြည်သူသို့ သတင်းအချက်အလက်ထုတ်ပြန်မှုများအား ကြီးကြပ်ရန် အများပြည်သူသို့သတင်းအချက်အလက်ထုတ်ပြန်ရေးအရာရှိတွင် တာဝန်ရှိသည့်တိုင် ယင်းပုဂ္ဂိုလ်သည် အစီရင်ခံစာအားလုံးကို ရေးနိုင်မည်မဟုတ်ပေ။ အစီရင်ခံစာမူကြမ်းကို တကယ်တမ်းရေးဆွဲရာတွင် အစီရင်ခံစာရေးသားရေးအဖွဲ့တစ်ခုဖွဲ့ပြီး သတင်းအချက်အလက်စုဆောင်းခြင်းနှင့် လေ့လာသုံးသပ်ခြင်းများလုပ်ငန်းများကို တာဝန်ပေးရမည်ဖြစ်သလို အစီရင်ခံစာများ၏ အစိတ်အပိုင်းအမျိုးမျိုးကိုလည်း ရေးသားရပေမည်။

## အချက်အလက်ကောက်ယူခြင်းစနစ်

အစီရင်ခံစာ၏ အရည်အသွေးနှင့်တိကျမှုသည် တစ်နိုင်ငံလုံးတွင် စောင့်ကြည့်လေ့လာသူများက ကောက်ယူခဲ့သည် အချက်အလက်များအပေါ် မူတည်သည်။ အချက်အလက်ကောက်ယူခြင်းသည် ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်းနှင့်စပ်ဆက်နေလေ့ရှိသည်။ ရွေးကောက်ပွဲအကြိုကာလစောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံစာရေးသားခြင်းတွင်လူအနည်းငယ်နှင့်လုပ်ရသည့်တိုင် ထိုသို့ပင်ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ကောက်ယူထားသည့် သတင်း အချက်အလက်များ ရုံးချုပ်သို့ လျင်လျင်မြန်မြန် တိတိကျကျပေးပို့နိုင်မည့် ရှင်းလင်းသောစနစ်တစ်ခုရှိရမည်ဖြစ်သည်။

.

**နည်းပညာလိုအပ်သလား**

နည်းပညာသည် သတင်းအချက်အလက်များ လျင်လျင်မြန်မြန်ပေးပို့ရေးအတွက် အထောက်အကူပြုပြီး အချက်အလက်ကောက်ယူသည့်စနစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးဝင်မည်ဖြစ်သည်။ သတင်းအချက်အလက်လျင်မြန်စွာ ပေးပို့နိုင်စေရန် မိုဘိုင်းလ်ဖုန်း၊ သယ်သူရလွဲသော ကွန်ပြူတာများ၊ ဂြိုလ်တုဖုန်းများနှင့် ဖက်စ်ပို့သည့်စက်များကဲ့သို့သော ပစ္စည်းများကို စောင့်ကြည့်လေ့လာရေးအဖွဲ့များက ကမ္ဘာတစ်ဝှမ်းတွင် အသုံးပြုကြသည်။

*ထည့်သွင်းစဉ်းစားရမည့် အချက်များစွာရှိသည်။*
--ကုန်ကျစရိတ်ဘယ်လောက်လဲ
--အချက်အလက်လုံခြုံရေးအတွက် သက်ရောက်မှုတွေ ရှိသလား။
--စနစ်သည် မည်မျှလောက်အားကိုးရသနည်း။ အခြား အရန်စနစ်တစ်ခုရှိသလား။
--နောက်ထပ်သင်တန်းပေးဖို့ လိုအပ်သလား။
--လူကြောင့်ဖြစ်သော အမှားများကို တိုးလာနိုင်သလား၊ လျော့လာနိုင်သလား။

တိုင်းပြည်အရွယ်အစား၊ အခြေခံအဆောက်အအုံ၏ အရည်အသွေးနှင့် စောင့်ကြည့်လေ့လာသူအရေအတွက်တို့အပါအဝင် စနစ်၏ ဒီဇိုင်းအတွက် ထည့်သွင်းတွက်ချက်ရမည့်အကြောင်းများရှိသည်။ ယင်းစနစ်ကို တည်ဆောက်ပြီး ဆက်လက်ထိန်းသိမ်းရေးသည် မိမိ၏ စောင့်ကြည့်လေ့လာရေးလုပ်ငန်းအတွက် အခရာကျသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ဖွယ်ရှိပြီး စနစ်ကိုကောင်းမွန်စွာလည်ပတ်နိုင်ခြင်းသည် မိမိအဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို ရှင်းလင်းစွာပြသခြင်း ဖြစ်သည်။

**ထိရောက်သည့် အချက်အလက်ကောက်ယူခြင်းစနစ်တစ်ရပ်တွင် လိုအပ်သောအပိုင်းများက မည်သည်တို့ဖြစ်သနည်း**

➢ **ရှင်းလင်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာ ဖွဲ့စည်းတည်ဆောက်ပုံ။** အချက်အလက်များ အစီရင်ခံတင်ပြကြမည့် စောင့်ကြည့်လေ့လာသူတိုင်း သိရှိစေရန် ရှင်းလင်းသော ဖွဲ့စည်းတည်ဆောက်ပုံတစ်ရပ်လိုအပ်သည်။ စောင့်ကြည့်လေ့လာသူများက ဒေသဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးမှူးများထံ အချက်အလက်များ

ပေးပို့၊ ထိုမှတစ်ဆင့် ရုံးချုပ်သို့ ပေးပို့ဆိုသည့် အဆင့်ဆင့်ပေးပို့ရမည့် အစီရင်ခံခြင်းစနစ်ကို ပြည်တွင်းလေ့လာစောင့်ကြည့်သူများက တည်ဆောက်ထားလေ့ရှိသည်။ ရွေးကောက်ပွဲနေ့တွင်မှ စောင့်ကြည့်လေ့လာသူများထံမှ သတင်းအချက်အလက်ကောက်ယူရန် လှည့်သွားနေသည့် အဖွဲ့ကိုလည်း သုံးနိုင်ပေမည်။

- **ရိုးရှင်းသော အချက်အလက်ကောက်ယူရေး နည်းလမ်းများ။** စစ်ဆေးရမည့်အချက်များကို ပုံမှန်အားဖြင့် ရွေးကောက်ပွဲနေ့တွင် အသုံးပြုလေ့ရှိပြီး ရွေးကောက်ပွဲအကြိုကာလစောင့်ကြည့်လေ့လာခြင်းတွင်လည်း တစ်ခါတစ်ရံအသုံးပြုသည်။ သတင်းအချက်အလက်များကို တိကျစွာမှတ်တမ်းတင်နိုင်စေရန် စစ်ဆေးရမည့် အချက်အလက်များသည် ဖြစ်နိုင်သမျှ ကျစ်လစ်ပြီး ရိုးရှင်းရမည်ဖြစ်သည်။ စစ်ဆေးရမည့်အချက်အလက်များကို တိုက်ရိုက်ကောက်ယူနိုင်သလို စောင့်ကြည့်လေ့လာသူများက ဖုန်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ပေးပို့နိုင်သည်။

- **စိတ်ပါလက်ပါဆောင်ရွက်သည့် စေတနာ့ဝန်ထမ်းများ။** မည်သည့်အတားအဆီးများရှိပါစေ စိတ်ပါလက်ပါဆောင်ရွက်သည့် စေတနာ့ဝန်ထမ်းများသည် သတင်းအချက်အလက်များကို ပိုပြီးလျင်လျင်မြန်မြန်တိတိကျကျ ပေးပို့လေ့ရှိကြသည်။ မိမိ၏ စောင့်ကြည့်လေ့လာသူများအတွက် မက်လုံးများပေးထားရန်နှင့် ၎င်းတို့၏ အားထုတ်မှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြသရန် ဆန်းသစ်သည့်နည်းလမ်းတစ်ခုကို စဉ်းစားထားပါ။

- **သင့်လျော်သော သင်တန်း။** ထိရောက်သော အချက်အလက်ကောက်ယူရေးသည် ၎င်းတို့၏ တိုက်ရိုက် လေ့လာစောင့်ကြည့်မှုများကို မည်သို့ တိကျစွာမှတ်တမ်း တင်ရမည်နည်း၊ သတင်းအချက်အလက်များကို မည်သို့ အတည်ပြုရမည်နည်း၊ အချက်အလက်များကို မည်သို့လျင်လျင်မြန်မြန်ပေးပို့ရမည်နည်းကိုသိရှိသည့် ကောင်းစွာလေ့ကျင့်သင်တန်းပေးထားသော စောင့်ကြည့်လေ့လာသူများအပေါ် မူတည်သည်။

- **ထူးခြားဖြစ်စဉ်အစီရင်ခံခြင်း။** အလွန်အရေးကြီးသည့် သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာသူများက ချက်ချင်းပေးပို့နိုင်စေမည့်နည်းလမ်းတစ်ခုကို အချက်အလက်ကောက်ယူရေးစနစ်တွင် ထည့်သွင်းထားရမည်။ ထူးခြားဖြစ်စဉ်အစီရင်ခံစာပုံစံကိုထားရှိပြီး ရုံးချုပ်ကိုချက်ချင်းပေးပို့နိုင်ရမည်။ ယင်းရည်မှန်းချက်အတွက် အရေးပေါ်ဖုန်းနံပါတ်တစ်ခုထားရှိရမည်။

- **အရန် အစီအစဉ်။** အထူးသဖြင့် ဒေသလံခေါင်ဖျားနေရာများ သို့မဟုတ် ဆိုးရွားသော လုံခြုံရေး သို့မဟုတ် ရာသီဥတု ဖြစ်နိုင်မည်ဟု မျှော်မှန်းထားသော နေရာများမှ သတင်းအချက်အလက်ကောက်ယူခြင်းအတွက် အရန်အစီအစဉ်တစ်ရပ်ကို အမြဲထားရှိရမည်။

## ထုတ်ပြန်ချက် အမျိုးအစားများ

စောင့်ကြည့်လေ့လာသည့် အဖွဲ့အများစုသည် ၎င်းတို့စောင့်ကြည့်လေ့လာသည့်ကာလအတွင်း အမျိုးမျိုးသော ထုတ်ပြန်ချက်များနှင့် အစီရင်ခံစာများစွာကို ထုတ်ပြန်လေ့ရှိကြသည်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲဖြစ်စဉ်၏ အပိုင်းတစ်ရပ် သို့မဟုတ် ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးကို ဦးတည်ပြီး ထုတ်ပြန်ကြသည်။

**အောက်ပါတို့သည် ထုတ်ပြန်လေ့အရှိဆုံး ရွေးကောက်ပွဲကြေညာချက်များနှင့် အစီရင်ခံစာများဖြစ်သည်။**

- **အဖွင့်ကြေညာချက်-** အများပြည်သူနှင့် မီဒီယာတို့အား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးစီမံကိန်းကို မိတ်ဆက်ရန်နှင့် အများသိအောင်ရှင်းလင်းပြောကြားရန် မိမိလုပ်ငန်းများ၏ အစဆုံးပိုင်းကို ကနဦးကြေညာချက် သို့မဟုတ် သတင်းထုတ်ပြန်ချက်များနှင့်ထုတ်ပြန်ခြင်းသည် ကောင်းမွန်သော အလေ့အထဖြစ်သည်။ ထိုသို့ထုတ်ပြန်ချက်သည် တစ်မျက်နှာစာသာ ဖြစ်နိုင်သည်။

- **ရွေးကောက်ပွဲအကြိုကာလ ထုတ်ပြန်ချက်-** အကယ်၍ မိမိအဖွဲ့အစည်းသည် ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းစဉ်များ (ဥပမာ- မဲစာရင်းကြေညာပြသခြင်း၊ ရွေးကောက်ပွဲကော်မရှင်များဖွဲ့စည်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း အစရှိသည်ဖြင့်)ကို စောင့်ကြည့်လေ့လာမှုများ လုပ်ဆောင်နေလျှင် ယင်းတွေ့ရှိချက်များကို ထုတ်ပြသင့်သည်။ စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်၏ အချိန်ကာလအပိုင်းအခြားအသီးသီးအပေါ် အစီရင်ခံစာကို ထုတ်ပြန်နိုင်သည်။ သို့မဟုတ် နှစ်ပတ်တစ်ကြိမ်ဖြစ်စေ ကာလအပိုင်းအခြားအလိုက် ရွေးကောက်ပွဲအကြိုကာလ အစီရင်ခံစာများကို ထုတ်ပြန်နိုင်သည်။ အကယ်၍ မိမိအဖွဲ့က မီဒီယာစောင့်ကြည့်လေ့လာခြင်းပြုလုပ်လျှင် ကာလအပိုင်းအခြားတစ်ခုချင်းအလိုက် သီးခြားစီ ထုတ်ပြန်နိုင်သည်။

- **ကနဦးထုတ်ပြန်ကြေညာချက်-** ပုံမှန်အားဖြင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ရွေးကောက်ပွဲနေ့ ကနဦးတွေ့ရှိချက်များအားလုံးကို ကနဦးထုတ်ပြန်ကြေညာချက်ဖြင့် ထုတ်ပြန်လေ့ရှိကြသည်။ ကနဦးထုတ်ပြန်

ကြေညာချက်များသည် မဲရေတွက်ပြီး စာရင်းသွင်းနေဆဲ အချိန်တွင်ထုတ်ပြန်ရလေ့ရှိသဖြင့် ယင်းထုတ်ပြန် ကြေညာချက်တွင် ရွေးကောက်ပွဲအကြိုကာလ၏ မျက်နှာစာ များပါဝင်ဖွယ်လည်းရှိပြီး သဘာဝအားဖြင့် တွေ့ရှိချက် များသည် ကနဦးသာဖြစ်ကြောင်းအလေးထားဖော်ပြရ မည်ဖြစ်သလို မိမိအဖွဲ့သည် ရွေးကောက်ပွဲလွန်ကာလ ဖြစ်ပေါ်မှုများကို ဆက်လက်စောင့်ကြည့်လေ့လာရမည် ဖြစ်သည်။

- **ရွေးကောက်ပွဲလွန်ကာလအစီရင်ခံစာ။** မဲရေတွက်ခြင်းနှင့် မဲစာရင်းသွင်းခြင်း သို့မဟုတ် တိုင်ကြားမှုများနှင့် အယူခံ မှုများကို ဖြေရှင်းခြင်းကဲ့သို့ နောက်ဆုံးရရှိသည့် အခြေ အနေများကို ရွေးကောက်ပွဲပြီးနေ့များတွင် ရွေးကောက်ပွဲ လွန်အစီရင်ခံစာဖြင့် ထုတ်ပြန်ရမည်နိုင်သည်။ ရွေး ကောက်ပွဲလွန်ကာဖြစ်ရပ်များ၏ ဘဘာဝအပေါ်မူတည် ပြီး ယင်းသို့သော အစီရင်ခံစာများတွင် ရွေးကောက်ပွဲ၏ ကနဦးလေ့လာတွေ့ရှိမှုများ ပြောင်းသွားဖွယ်ရှိသည်။
- **နောက်ဆုံးအစီရင်ခံစာ-** ရလဒ်များ တရားဝင်ကြေညာ ခြင်းနှင့် တိုင်ကြားမှုများနှင့် အယူခံမှုများ ဖြေရှင်းခြင်း အပေါ်မူတည်ပြီး စောင့်ကြည့်လေ့လာသည့်အဖွဲ့က မိမိ တို့၏ တွေ့ရှိမှုအပြည့်အစုံပါဝင်သော နောက်ဆုံးအစီရင် ခံစာကို ထုတ်ပြရမည်။ နောက်ဆုံးအစီရင်ခံစာတွင် အနာဂတ်၌ ရွေးကောက်ပွဲဖြစ်စဉ်များ ပိုမိုတိုးတက် ကောင်းမွန်အောင် မည်သို့ဆောင်ရွက်ရမည်ဆိုသော အကြံပြုချက်များလည်း ပါဝင်ရမည်။

## ထုတ်ပြန်ကြေညာချက်များ၏ ထုတ်ရမည့် အချိန်

မည်သည့်အချိန်တွင် ထုတ်ပြန်ကြေညာချက်များ ထုတ်မည် ဆိုသည်မှာ အရေးတစ်ကြီးစဉ်းစားရမည့်အရာဖြစ်သည်။ ယေဘုယျအားဖြင့် ခိုင်မာသည့်သတင်းအချက်အလက်များ ရရှိပြီးမကြာမီ ပြည်သူလူထုကို ဖြစ်နိုင်သမျှ အသိပေးရန်နှင့် "သတင်းအဟောင်းများ" များကို ပယ်ဖျက်ရန် အမြန်ဆုံး ထုတ်ပြန်ရမည်ဖြစ်သည်။

***အောက်တွင် ထုတ်ပြန်ကြေညာချက်များထုတ်ရမည့် အချိန် များနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို ဖော်ပြထားသည်။***

- ရွေးကောက်ပွဲဖြစ်စဉ်၏ **အဆင့်တိုင်း**တွင် ထုတ်ပြန် ကြေညာချက်များ ထုတ်ပါ။
- ရွေးကောက်ပွဲလွန်ကာလထုတ်ပြန်ကြေညာချက်ကို အချိန်မဆိုင်းပါနှင့်။ **အများပြည်သူက စောင့်မျှော်နေ** သည်။ ပုံမှန်အားဖြင့် ကနဦးထုတ်ပြန်ကြေညာချက် များကို ရွေးကောက်ပွဲအပြီး တစ်ရက်၊ နှစ်ရက် အတွင်း ထုတ်ပြန်ကြသည်။
- **နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ** မပြောမီ မိမိ ၏ ထုတ်ပြန်ကြေညာချက်ကို ထုတ်လျှင် သက် ရောက်မှု ပိုကြီးမားသည်။
- ကနဦးထုတ်ပြန်ကြေညာချက်များကို **တရားဝင်ရ လဒ်များမတိုင်မီ** ထုတ်ပြန်နိုင်သော်လည်း ဖြစ်စဉ် သည် ဆက်လက်ဖြစ်နေဆဲဖြစ်ပြီး စောင့်ကြည့်လေ့ လာမှုများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ရှင်းပြရမည်။
- ထုတ်ပြန်ကြေညာချက်များ ထုတ်ချိန်တွင် ရွေး ကောက်ပွဲလွန်ကာလ **နိုင်ငံရေးဖြစ်ပေါ်မှုများက** လည်းသက်ရောက်မှုရှိမည်ဖြစ်သည်။
- ရွေးကောက်ပွဲများပြီးနောက် ထုတ်ပြန်သည့် ရွေးကောက်ပွဲလွန်ကာလ အစီရင်ခံစာများကလည်း **ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းရာတွင်** အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပေမည်။
- ရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်ပတ်သက်သူများ ၏ စိတ်ဝင်စားမှုမဆုံးရှုံးစေရန် **နောက်ဆုံး အစီရင်ခံစာများ**ကို ရွေးကောက်ပွဲနေ့ အပြီး ၂လ- ၃လထက်နောက်မကျဘဲ ထုတ်ပြန်ရမည်။

## ထုတ်ပြန်ကြေညာချက်များ၏ အဓိက အစိတ်အပိုင်းများ

ရွေးကောက်ပွဲဆိုင်ရာ ထုတ်ပြန်ကြေညာချက် သို့မဟုတ် နောက်ဆုံးအစီရင်ခံစာ၏ ပုံစံသည် ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်မှု၏ အနေအထားနှင့် ဆောင်ရွက်ပုံအပေါ် မူတည်သည်။ တစ်ချိန်တည်းမှာပင် ထည့်သွင်းစဉ်းစားထားရ မည့် စံချိန်စံညွှန်းများ (အချို့နေရာများတွင် အချို့အပိုင်းများ ပေါင်းနိုင်သည်) မှာ

-

- **အနှစ်ချုပ်**သည် ရွေးကောက်ပွဲဖြစ်စဉ်၏ စောင့်ကြည့် လေ့လာမှုအဂ္ဂအပါအဝင် တွေ့ရှိချက်များနှင့် ကောက်ချက်များကို အနှစ်ချုပ်သုံးသပ်မှုတစ်ခုဖြစ်ရ မည်။ အစီရင်ခံစာတစ်စောင်လုံးကို ဖတ်ရန်အချိန်မရ သူများအပါအဝင် မိမိဦးတည်ထားသော ပရိသတ် အတွက် ယင်းအပိုင်းကို ဖတ်ရုံဖြင့် လုံလောက်ရမည်။ အနှစ်ချုပ်တွင်ပါဝင်မည့် အချက်များအားလုံးကို ထုတ် ပြန်ကြေညာချက်တွင် ပါဝင်စေရမည်။ အနှစ်ချုပ်ကို

ပွိုင့်များဖြင့်ဖော်ပြသင့်သည်။ အနှစ်ချုပ်သည် တစ်မျက်နှာထက်မပိုသင့်ပေ။

- **နောက်ခံအကြောင်း** အပိုင်းသည် စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် စောင့်ကြည့်လေ့လာခြင်းတွင် အသုံးပြုသည့် နည်းနာဗေဒ (စောင့်ကြည့်လေ့လာသူ မည်မျှစေလွှတ်သနည်း၊ ပြည်နယ်/တိုင်းဒေသကြီးများမည်မျှကို စောင့်ကြည့်သနည်း၊ မဲရုံမည်မျှကို စောင့်ကြည့်သနည်း)တို့နှင့်ပတ်သက်ပြီး အကျဉ်းချုပ်သတင်းအချက်အလက်များပါဝင်ရမည်။ ယင်းသည် စာတစ်ပိုဒ် သို့မဟုတ် နှစ်ပိုဒ်မျှသာဖြစ်ရမည်။
- **မိတ်ဆက်အပိုင်း**တွင် အကြောင်းအရာကို စာဖတ်သူအား တင်ပြရမည်။ စောင့်ကြည့်လေ့လာသည့် ရွေးကောက်ပွဲနှင့် ယင်း၏ထူးခြားမှုတို့နှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်များကို ဖော်ပြရမည်။ မိတ်ဆက်အပိုင်းသည့် အကျဉ်းမျှသာဖြစ်ရမည်။
- **တွေ့ရှိချက်များအပိုင်း**သည် ထုတ်ပြန်ကြေညာချက်၏ အဓိကအပိုင်းများဖြစ်ရမည်။ ရွေးကောက်ပွဲကာလအတွင်း စောင့်ကြည့်လေ့လာခဲ့သည့်နယ်ပယ်တွင် မည့်သည်တို့ကို တွေ့ရှိခဲ့သနည်း။ ကျစ်လစ်နိုင်မျှ ကျစ်လစ်ရမည်ဖြစ်သော်လည်း မိမိ၏ လေ့လာသုံးသပ်မှုနှင့် ကောက်ချက်များကို အထောက်အကူပြုစေမည့် အသေးစိတ်အချက်အလက်များကို လုံလုံလောက်လောက်ထည့်သွင်းရမည်။ ဥပမာ- ပြဿနာ သို့မဟုတ် မူမမှန်မှုများကို တွေ့ရှိခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီး၏အမည်ကို ဖော်ပြရမည်။ အောက်ပါခေါင်းစဉ်ခွဲများဖြင့် ရေးသားလျှင် အဆင်ပြေမည်။ ယင်းတို့မှ
    - ရွေးကောက်ပွဲအကြိုကာ တွေ့ရှိချက်များ (ပါဝင်လျှင်)
    - ကြိုတင်မဲပေးခြင်း(စောင့်ကြည့်လျှင်)
    - ရွေးကောက်ပွဲနေ့ မဲပေးခြင်း
    - ရွေးကောက်ပွဲနေ့ မဲရေတွက်ခြင်း
    - မဲစာရင်းဖြည့်သွင်းခြင်း
- **တွေ့ရှိချက်များကိုသုံးသပ်ခြင်းအပိုင်း**တွင် လေ့လာစောင့်ကြည့်မှုများ၏ အလွန်အရေးပါသည့် ဆန်းစစ်မှုနှင့် ရွေးကောက်ပွဲဖြစ်စဉ်၏ ဂုဏ်သိက္ခာအပေါ် သက်ရောက်မှုဖြစ်ခဲ့သည့် ပြဿနာ သို့မဟုတ် ကိစ္စရပ်များကို ထည့်သွင်းရမည်။ ယင်းအပိုင်းသည် သီးခြားအပိုင်းဖြစ်နိုင်သည်။ သို့မဟုတ် "တွေ့ရှိချက်များ" အပိုင်းတွင် ထည့်သွင်းနိုင်သည်။ အထူးသဖြင့် ထိုအပိုင်းတွင် ခေါင်းစဉ်ခွဲရှိလျှင် ထည့်သွင်းနိုင်သည်။
- **နိဂုံးချုပ်အပိုင်း**တွင် "တွေ့ရှိချက်များ" နှင့် "တွေ့ရှိချက်များကို သုံးသပ်ခြင်း" အပိုင်းများရှိ တွေ့ရှိ ချက်များအပေါ် အခြေခံပြီး မိမိအဖွဲ့၏ ရွေးကောက်ပွဲဖြစ်စဉ် လေ့လာစောင့်ကြည့်မှုအဂျ ပါရှိရမည်။ ရွေးကောက်ပွဲသည် ဒေသတွင်းနှင့် နိုင်ငံတကာစံချိန် စံညွှန်းများနှင့် ကိုက်ညီပါသလား။ စစ်မှန်သည့် ဒီမိုကရေစီ နည်းလမ်းများနှင့် ပြိုင်ဆိုင်မှုများဖြစ် ပါသလား။ သက်ဆိုင်ပတ်သက်သူအားလုံးအတွက် တန်းတူညီမျှ ပြိုင်ဆိုင်နိုင်သည့် အနေအထားရှိပါသလား။ မဲပေးပိုင်ခွင့်ရှိသူအားလုံး ပါဝင်ပါသလား။ အဓိကနိဂုံးချုပ် ကောက်ချက်များသည် အနှစ်ချုပ်တွင်လည်း ပါရှိရမည်။
- **အကြံပြုချက်များအပိုင်း**တွင် ယေဘုယျအားဖြင့် အဆုံးသတ်အစီရင်ခံစာ တွင်ပါဝင်လေ့ရှိသည့် အနာဂတ်တွင် ရွေးကောက်ပွဲဖြစ်စဉ်များ မည်သို့တိုးတက်ကောင်းမွန်အောင် ရွေးကောက်ပွဲဆိုင်ရာသက်ဆိုင်သူများက ဆောင်ရွက်ရမည်ဆိုသည့် အပိုင်းပင်ဖြစ်သည်။

***ထုတ်ပြန်ကြေညာချက်များ၊ ကြားကာလနှင့် နောက်ဆုံး အစီရင်ခံစာများတွင်ပါဝင်သည့် သတင်းအချက်အလက်ရရှိမှုနှင့် ထင်ဟပ်မှုလမ်းကြောင်းကို မည်သို့ ဖော်ထုတ်မည် နည်း။***

- မိမိ၏စီမံကိန်းတွင်ပါဝင်သည့် စောင့်ကြည့်လေ့လာသူအားလုံး (ကာလရှည်နှင့်ကာလတိုစောင့်ကြည့်လေ့လာသူများနှင့် ဒေသဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးမှူးများ) အားလုံး၏ အချက်အလက်များကို စုဆောင်းပါ။
- စောင့်ကြည့်လေ့လာသူများထံမှ ရရှိသည့်အချက်အလက်များကို သုံးသပ်ပြီး မိမိစောင့်ကြည့်လေ့လာသည့် နယ်ပယ်နှင့် ရွေးကောက် ပွဲဖြစ်စဉ်၏ မျက်နှာစာများအပေါ် အခြေခံပြီးဆောင်ရွက်ပါ။
- သတင်းအချက်အလက်များကို ကနဦးသုံးသပ်ခြင်းနှင့် ဒေသဆိုင်ရာအနေအထားကိုရှာဖွေဖော်ထုတ်ခြင်းပြုလုပ်ရန် ဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူးများကို လုပ်ဆောင်စေပါ။ ယင်းသည် ၎င်းတို့အပတ်စဉ်ပို့သည့် အစီရင်ခံစာများတွင်တစ်ပါတည်းပါရှိရမည်ဖြစ်ပြီး စောင့်ကြည့်လေ့လာမှုပြုလုပ်သည့် ဒေသများအားလုံးကြား ညှိနှိုင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်။
- အကောင်းအဆိုးဖြစ်ပေါ်မှုနစ်ရပ်စလုံးကို ဖော်ပြရမည်။ အဆိုးဖြစ်ပေါ်မှုများ၏ ပုံစံအမျိုးမျိုး(မူမမှန်မှုများ၊ မလျော်ကန်စွာပြုမူမှုများ၊ မသမာမှုများ)ကို ခွဲခြားပြနိုင်သည်။
- အချက်အလက်များ သုံးသပ်မှုကို အထောက်အကူပြုစေရန် ဆော့ဖ်ဝဲလ်ကို အသုံးပြုပြီး အရည်အတွက် အခြေပြုနှင့်အရည်အသွေးအခြေပြုဆန်းစစ်မှုနှစ်ရပ်စလုံးကို ထုတ်ပါ။

# ထုတ်ပြန်ကြေညာချက်ကောင်း ရေးသားခြင်းအတွက် လမ်းညွှန်

**"ဆောင်ရန်"**

- ☺ ထုတ်ပြန်ကြေညာချက်များသည် **အကျဉ်းသာဖြစ်သော်လည်း** ကောက်ချက်များအထောက်အကူဖြစ်စေရန် လိုအပ်သည့် အချက်အလက်များပါဝင်ရမည်။
- ☺ **လေသံနှင့် စကားလုံးအသုံးပြုပုံ**ကို ဂရုစိုက်ပါ။ တင်ပြမှုတွင် သံတမန်ဆန်ဆန်ဆောင်ရွက်ပါ။
- ☺ **မိမိတွေ့ရှိချက်များ၏ အရည်အသွေး။** တွေ့ရှိခဲ့သည့် ဖြစ်ရပ်မည်မျှ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးမည်မျှကို အသေးစိတ်ဖော်ပြပါ။ ထူးခြားဖြစ်စဉ်လား၊ ယေဘုယျဖြစ်လေ့ရှိသည့်အရာလား။ ဒေသတစ်ခုတည်းမှာဖြစ်သလား သို့မဟုတ် တစ်နိုင်ငံလုံးမှာ ဖြစ်သလား။
- ☺ ရွေးကောက်ပွဲဖြစ်စဉ်မှ **အပြုသဘောမျက်နှာစာများနှင့် ကောင်းမွန်သောအလေ့အထများကို ဦးစားပေးဖော်ပြပါ။**
- ☺ ထုတ်ပြန်ကြေညာချက်များအားကောင်းစေမည့် နိုင်ငံတကာစံချိန်စံညွှန်းများကို ကိုးကားပါ။
- ☺ အကြံပြုချက်များကို ကနဦးထုတ်ပြန်ချက်ညာချက်များတွင် စတင်ထည့်သွင်းပြီး အဆုံးသတ်အစီရင်စာတွင် အကျယ်ကို ထပ်မံဖော်ပြပါ။
- ☺ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ နောက်အဆင့်များမှာ အစီရင်ခံစာကို ကြေညာရန်ဖြစ်သည်။

**"ရှောင်ရန်":**

- ☹ **မချဲကားပါနှင့်-** တွေ့ရှိချက်အတိုင်းသာ ပြောဆိုပါ။
- ☹ **ဆွပေးသည့်စကားများကို ရှောင်ပါ-** မိမိ၏ ယုံကြည်စိတ်ချရမှုကိုကျဆင်းစေပြီး တင်းမာမှုများကို ဖြစ်ပေါ်စေသည်။
- ☹ **ဟိုပြောသည်ပြောစကားများမပါပါစေနှင့်-** ရှာဖွေတွေ့ရှိမှုများအားလုံးသည် စောင့်ကြည့်လေလာမှုများသာဖြစ်ပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့များက စိစစ်အတည်ပြုပြီးဖြစ်ရမည်။
- ☹ **ဘက်လိုက်မှု သို့မဟုတ် ဘက်မညီမှုအဖြစ် နားလည်သွားစေမည့်** ပုံစံမျိုးဖြင့် စောင့်ကြည့်လေ့လာမှုများနှင့် ကောက်ချက်များကိုတင်ပြခြင်းကို ရှောင်ရှားပါ။ မိမိ၏ ယုံကြည်ကိုးစားရမှုသည် ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံတင်ပြခြင်းအပေါ်သာတည်နေသည်။
- ☹ **ကောက်ချက်ကိုတန်းမချပါနှင့်-** မိမိ၏ဆန်းစစ်မှုသည် လေ့လာစောင့်ကြည့်ထားသည့် တွေ့ရှိချက်များအပေါ်တွင်အခြေခံရမည်ဖြစ်ပြီး ဆီလျော်ရာတွင် အသေးစိတ် ဥပမာများပေးပါ။
- ☹ **ကိန်းဂဏန်းများကို ပုံမဖျက်ပါနှင့်။** အစီရင်ခံစာများတွင် ကိန်းကဂန်းများကို အသုံးပြုသည့်အခါ စာဖတ်သူနားလည်မှုလွဲသွားစေမည့်ပုံစံမျိုးမဟုတ်ဘဲ ဖြောင့်ဖြောင့်မတ်မတ်ထည့်သွင်းဖော်ပြပါ။

**လွတ်လပ်ပြီး မျှတရဲ့လား**

မီဒီယာများ၊ အစိုးရအရာရှိများနှင့် အခြားသူများက ရွေးကောက်ပွဲများနှင့်ပတ်သက်ပြီးဖော်ပြရာတွင် "လွတ်လပ်ပြီး မျှတသည်" သို့မဟုတ် "မလွတ်လပ်မမျှတ" ဆိုပြီးပြောလေ့ရှိသည်ကို ကြားရလေ့ရှိသည်။ သို့သော်လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းသည့် ပရောက်ဖက်ရှင်နယ်များသည် ယင်းအသုံးအနှုန်းကို ယေဘုယျအားဖြင့် သဘောတူညီပြီး အကြပ်ကိုင်ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် မသမာမှုပြုခြင်းတို့မှ ကင်းလွတ်သည်ဟု ဖော်ပြရန် ရည်ရွယ်ခြင်း ခေတ်သစ်ရွေးကောက်ပွဲများ၏ အရှိတရားများကို ဖော်ပြရန် လုံလောက်သည့် အသေးစိတ်အချက်အလက်အဖြစ်မဆိုနိုင်ပေ။ ပိုပြီးတိတိပပဆိုရမည်ဆိုလျှင် ရွေးကောက်ပွဲတစ်ရပ်ကို "စစ်မှန်သော ဒီမိုကရက်တစ်ကျကျ" သို့မဟုတ် "ဒီမိုကရက်တစ်နည်းမကျ" ဟုသာ ဖော်ပြပြီး မည်သို့ ဒီမိုကရက်တစ်နည်းကျသည်၊ မကျသည် (ဥပမာ-ကိုယ်စားလှယ်လောင်းများအတွက် ယှဉ်ပြိုင်ရမှုမညီမျှမှု၊ မီဒီယာဘက်လိုက်မှု၊ မဲရေခြင်းနှင့် မဲရလ်စာရင်းသွင်းစဉ်ကာလအတွင်း ပွင့်လင်းမြင်သာ မှုမရှိခြင်း)စသည့် အသေးစိတ်ဥပမာများကို ဖြင့်သာ ဖော်ပြသည်။

# ကောင်းမွန်သော အလေ့အထနှင့် နိုင်ငံတကာ စံနှုန်းများ

**နိုင်ငံတကာစံနှုန်းများ ဘာကြောင့်လိုအပ်သနည်း**

လေ့လာဆန်းစစ်မှုအတွက် အခြေခံသည် မည်သည့်အရာဖြစ်သည်ကို ပြည်သူများနားလည်စေရန် ရွေးကောက်ပွဲတစ်ရပ်ကိုလေ့လာဆန်းစစ်ရာတွင် အသုံးပြုသည့် တိုင်းတာမှုကို စောင့်ကြည့်လေ့လာရေးအဖွဲ့က ရှင်းလင်းစွာဖော်ပြရမည်။ ရွေးကောက်ပွဲတစ်ရပ် တိုင်းပြည်၏ စည်းမျဉ်းဥပဒေများကို မည်မျှအတိုင်းအတာအထိလိုက်နာသနည်းဆိုသည်ကို ဆန်းစစ်ရန် အရေးကြီးသည့်တိုင် တိုင်းပြည်၏ စည်းမျဉ်းဥပဒေများသည် ပြည့်စုံချင်မှပြည့်စုံမည်။ ရွေးကောက်ပွဲတစ်ရပ်၏ ပုံကားချပ်အပြည့်အစုံကို နားလည်ရန် နိုင်ငံတကာစံနှုန်းများ အထူးသဖြင့် တိုင်းပြည်လိုက်နာရန်လက်မှတ်ရေးထိုးထား

သည့် လူ့အခွင့်အရေးသဘောတူစာချုပ်များအတွင်းမှကြည့်ရန်လည်းလိုအပ်သည်။ နိုင်ငံတကာစံနှုန်းများကို ညွှန်းဆိုခြင်းဖြင့် မိမိ၏ထုတ်ပြန်ကြေညာချက်များအားကောင်းစေပြီး မိမိတွေ့ရှိချက်များအပေါ် ယုံကြည်ကိုးစားမှုလည်း ရှိစေသည်။

### အပြည်ပြည်ဆိုင်ရာ ကြေညာချက်

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် စမှတ်မှာ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းဖြစ်သည်။ ယင်းကြေညာစာတမ်းသည် မိမိတို့အား မည်သူအုပ်ချုပ်ရမည်ကို ပြည်သူများ၏ ဆန္ဒဖြင့်ဆုံးဖြတ်ရမည်ဟု ပထမဆုံးအသိအမှတ်ပြုခဲ့သော ကြေညာချက်ဖြစ်သည်။ လူတိုင်းတန်းတူ မဲပေးပိုင်ခွင့်ရှိပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းနိုင်သည့် ကာလအပိုင်းအခြားအလိုက်ကျင်းပသော အထွေထွေရွေးကောက်ပွဲဖြင့် ယင်းဆန္ဒကိုဖော်ပြရမည်ဟု ပါရှိသည်။(အပိုဒ် ၂၁)။ ယင်းအခြေခံမှုများတွင် ရွေးကောက်ပွဲသည် စစ်မှတ်သောဒီမိုကရေတစ်ကျမှုအဖြစ်ဆုံးဖြတ်နိုင်သည်သော စံ (သို့မဟုတ် နှုန်းစံ)ကို ပြဌာန်းထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ် အာဏာသက်ဝင်သည်။

### အခြားဆီလျော်သော နိုင်ငံတကာစံနှုန်းများ

မိမိတို့၏အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် ရွေးကောက်ပွဲများအတွက် စံနှုန်းများချမှတ်ထားသည့် အခြားသဘောတူစာချုပ်များနှင့် သဘောတူညီချက်များကို နိုင်ငံတကာအဖွဲ့အစည်းများက သဘောတူခဲ့ကြသည်။ သို့သော်လည်း ယင်းတို့အားလုံးသည် အပြည်ပြည်ဆိုင်ရာကြေညာစာတမ်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာသဘောတူညီချက် (ICCPR)သည် အပြည်ပြည်ဆိုင်ရာကြေညာစာတမ်းအရ နောက်ထပ်နိုင်ငံရေးအခွင့်အရေးများကိုဖော်ထုတ်ထားသည့် သော့ချက်ကျသော သဘောတူညီချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် ICCPR ကို လက်မှတ်ရေးထိုးမထားသည့်တိုင် စံနှုန်းတစ်ရပ်အဖြစ် ကိုးကားနိုင်သသည်။

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများပပျောက်ရေး သဘောတူညီချက် (CEDAW)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများသဘောတူညီချက် (CRPD) တို့ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး ယင်းနှစ်ခုစလုံးတွင် ရွေးကောက်ပွဲများတွင်ပါဝင်နိုင်စေရေးအတွက် လိုက်နာရမည့်အချက်များပါရှိသည်။

**အကြံပြုချက်များ ဘယ်လိုပေးမလဲ**

- အကြံပြုချက်များသည် **မိမိ၏လေ့လာစောင့်ကြည့်မှု/တွေ့ရှိမှုများအပေါ်တွင်သာ** အခြေခံရမည်ဖြစ်သည်။
- တိုင်းပြည်၏ဥပဒေများရှိ လိုက်နာရအရာများကို လေ့လာသုံးသပ်ကာ မည်သည့် အရာများလိုအပ်နေသည့်ကို ဖော်ပြရန်အသုံးပြုပြီး ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများပါ ပြဌာန်းချက်များ/ပုဒ်မများတစ်ရပ်ရပ်ကို ရည်ညွှန်းနိုင်သည်။
- မြန်မာနိုင်ငံ၏ ဥပဒေများသည် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာသဘောတူညီချက်များနှင့် ယှဉ်လျှင် မည်သို့ဖြစ်သည်ကို **နှိုင်းယှဉ်ပြပါ။**
- ရွေးကောက်ပွဲဖြစ်စဉ်ပါ သက်ဆိုင်ပတ်သက်သူအသီးသီးအတွက် **မိမိ၏အကြံပြုချက်များသီးခြားခွဲပေးကာ** နိုင်ငံတကာ စံနှုန်းများနှင့်ညီရန် ပြည်တွင်းဥပဒေများကို မည်သို့လုပ်ဆောင်ရမည်ကို ယှဉ်ပြရမည်။ ထိုသို့ ထောက်ပြရာတွင် လက်တွေ့ကျရန်လိုအပ်ပြီး ကာလအတိုအတွင်း အကောင်အထည်ဖော်ရန်ခက်ခဲသည် အကြံပြုချက်များ မဖြစ်ရပေ။
- အချိန်ကာအပိုင်းအခြားအရ **မိမိ၏အကြံပြုချက်များကို စီစဉ်ရမည်။** ရေတိုတွင်မည်သည့်အရာများကို အကောင်အထည်ဖော်နိုင်ပြီး မည်သည့်အရာများကို အချိန်ပိုယူရမည်ကို အသေးစိတ်ဖော်ပြပါ။
- စောင့်ကြည့်လေ့လာရေးဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မိမိတက်ရောက်ခဲ့သည့် အစည်းအဝေးများတွင် **တင်ပြကြသည့် ဆွေးနွေးမှုများအနက်** မိမိအဖွဲ့အစည်းက ထောက်ခံသည် သို့မဟုတ် သဘောတူသည်ဆိုသော အချက်များကိုလည်း **အကြံပြုချက်တွင် ထည့်သွင်းနိုင်သည်။**

## ထုတ်ပြန်ချက်များ ဖြန့်ဝေခြင်း

ထုတ်ပြန်ချက်များရေးသားပြီးစီးသည့်အခါ ဘာလုပ်ကြ မည်နည်း။ အစီရင်ခံစာများကို အပတ်တကုတ်ရေးသားကြခြင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပြီး ဖတ်ရှုကြစေရန် အရေးကြီးသည်။ အများပြည်သူသိအောင်ဖြန့်ဝေရန် အထိရောက်ဆုံးနည်းလမ်းမှာ မိမိတွေ့ရှိချက်များကို မီဒီယာမှတစ်ဆင့် ဖြန့်ဝေခြင်းဖြစ်သည်။

**မီဒီယာ ဆက်သွယ်ရေး**

စောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်းများအနေဖြင့် မီဒီယာအတွက် အသင့်လျော်ဆုံးသတင်းအချက်အလက်များပေးရန် အသင့်လျော်ဆုံးအချိန်မှာ ကနဦးထုတ်ပြန်ချက်ထုတ်ပြန်သည့် ရွေးကောက်ပွဲပြီး နောက်တစ်နေ့ဖြစ်သည်။ မီဒီယာက စတင်ဆက်သွယ်လာမည့်အချိန်အထိ စောင့်မနေပါနှင့်။ မိမိအဖွဲ့၏ အများပြည်သူသိအောင်သတင်းအချက်အလက် ထုတ်ပြန်ခြင်းမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပုံမှန်သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံရှင်းလင်းမှုများနှင့် အင်တာဗျူးများမှတစ်ဆင့်အမျိုးမျိုးသောမီဒီယာ အဆက်အသွယ်များ မပြတ်ရှိရမည်။ ထိုသို့ဆောင်ရွက်ခြင်းတွင် ရည်ရွယ်ချက်နှစ်မျိုးရှိသည်။ (၁) မီဒီယာတွင်ဖော်ပြမှုများဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ မိမိအဖွဲ့အကြောင်းနှင့် မိမိအဖွဲ့လုပ်ငန်းများကို အများပြည်သူပိုမိုသိနိုင်သည်။ (၂) မီဒီယာများကလည်း မိမိအဖွဲ့အကြောင်းကိုသိပြီး မိမိအဖွဲ့၏လုပ်ငန်းများ၏ တန်ဖိုးကိုအသိအမှတ်ပြုကာ ရွေးကောက်ပွဲလွန်ကာလ မိမိ၏ တွေ့ရှိချက်များကို အများပြည်သူထံပို့ဆောင်ပေးရန် အသင့်ဖြစ်နေပေမည်။

**အစီရင်ခံစာများအတွက် ဖြစ်နိုင်ဖွယ်ရ ပရိသတ်များ**

- မီဒီယာ (အစဉ်အလာနှင့် အွန်လိုင်း)
- ရွေးကောက်ပွဲဆိုင်ရာနှင့် အစိုးရအာဏာပိုင်များ
- နိုင်ငံရေးပါတီများနှင့် အနာဂတ်ကိုယ်စားလှယ်လောင်းများ
- အခြား CSO များ
- နိုင်ငံတကာအသိုင်းအဝိုင်း (အလှူရှင်များနှင့် သံတမန်များ)
- ပြည်သူများ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲဆိုသည်မှာ ရွေးကောက်ပွဲများပြီးနောက်နှင့် နောက်ရွေးကောက်ပွဲများ မတိုင်မီ စောင့်ကြည့်လေ့လာသူများ၏ အကြံပြုချက်များကို အကောင်အထည်ဖော်စေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ မိမိအဖွဲ့၏ ရွေးကောက်ပွဲတွေ့ရှိချက်များသည် နောက်ရွေးကောက်ပွဲများအတွက် ဥပဒေမူဘောင်နှင့် စီမံအုပ်ချုပ်မှုများတိုးတက်ကောင်းမွန်စေရန် ရေရှည်မူဝါဒပိုင်းဆိုင်ရာစည်းရုံးလှုံ့ဆော်မှု၏ အခြေခံတစ်ရပ်ဖြစ်လာနိုင်သည်။ တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲစီမံအုပ်ချုပ်သူများနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မိတ်ဖက်အဖွဲ့အဖြစ် မိမိတို့၏ ကျွမ်းကျင်မှုများကို ပေးနိုင်မည်ဖြစ်သည်။ ကောင်းမွန်သည့်စမှတ်မှာ ရွေးကောက်ပွဲအပြီးလအတော်ကြာသင့်အခါ မိမိ၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဦးစားပေးဖော်ထုတ်ပြီး ရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်ပတ်သက်သူပေါင်းများစွာနှင့် ရွေးကောက်ပွဲလွန်ကာလစားပွဲဝိုင်းဆွေးနွေးပွဲတစ်ခုကျင်းပခြင်းဖြစ်သည်။


STEP DEMOCRACY
ရှေ့သို့မြန်မာ